## တိရစ္ဆာန်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာ၊ မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါးနှင့်ပစ္စည်းများတင်ပို့ခြင်း/တင်သွင်းခြင်းဆိုင်ရာလုပ်ငန်းစဉ်များ

## (၁) သွင်းကုန်လုပ်ငန်းစဉ်

### (က) တိရစ္ဆာန်အရှင်များတင်သွင်းခြင်း

- သွင်းကုန်လုပ်ငန်းရှင်များသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ တိရစ္ဆာန်အရှင်များ တင်သွင်းခြင်းအား ခွင့်ပြုကြောင်း သဘောထားမှတ်ချက် ထုတ်ပြန်ပေးရန်အတွက် လျှောက်ထားရမည်။
- ထိုသို့လျှောက်ထားရာတွင် အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများကို တင်ပြပေးရမည်ဖြစ်ပါသည်-

  (က) ကုမ္ပဏီအမည်ခေါင်းစီး (Letter Head) နှင့်လျှောက်လွှာ

  (ခ) တိရစ္ဆာန်အရှင်များတင်ပို့မည့်နိုင်ငံ၏ အခွင့်အာဏာရှိတိရစ္ဆာန်ဆေးကုဆရာဝန် (Veterinary Authority) မှထုတ်ပေးသောကျန်းမာကြောင်းထောက်ခံချက်လက်မှတ် (Veterinary Health Certificate)၊

  (ဂ) မွေးမြူရေးခြံရှိပါကခြံမှတ်ပုံတင်လက်မှတ်

  (ဃ) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)

  (င) အရောင်းအဝယ်သဘောတူစာချုပ် (Sale Contract)

  (စ)မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ထောက်ခံချက်

  (ဆ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသောကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)

  (ဇ) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (မိတ္တူ)

  (ဈ) ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာစာရင်း (Form VI)

  (ည) ဒါရိုက်တာအဖွဲ့ဝင်အမည်စာရင်း (Form XXVI)

- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည်လျှောက်ထားလာသော လျှောက်လွှာများအား စိစစ်၍ ကုန်သွယ်ရေးဦးစီးဌာနတွင် သွင်းကုန်လိုင်စင် လျှောက်ထားရန်အတွက် သဘောထားမှတ်ချက် ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။
- စစ်ဆေးခကောက်ခံပါမည်။

- အကောက်ခွန်ဦးစီးဌာနသို့ Import Decleration တင်သွင်းသည့်အချိန်တွင် MACCS စနစ်မှတဆင့် ဓါတ်ခွဲခန်းစစ်ဆေးချက်ထုတ်ပြန်ပေးရန် လျှောက်ရပါမည်။
- ပစ္စည်းများတင်သွင်းရောက်ရှိချိန်တွင် မျက်မြင်စစ်ဆေးပြီးနမူနာပစ္စည်းယူကာဓါတ်ခွဲခန်းစစ်ဆေးမှုပြုလုပ်ပါမည်။
- <u>**တင်ပို့သောနိုင်ငံ၏ အခွင့်အာဏာရှိတိရစ္ဆာန်ဆေးကုဆရာဝန်မှ ထုတ်ပေးသောကျန်းမာကြောင်းထောက်ခံချက်လက်မှတ်ကိုစစ်ဆေးပါမည်။**</u>
- MACCS စနစ်မှတဆင့် ဓါတ်ခွဲခန်းစစ်ဆေးချက်ထုတ်ပြန်ပေးပါမည်။

**(ခ) အေးခဲအသားတင်သွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်လုပ်ငန်းစဉ်များ**

၁။ အေးခဲအသားများကိုပြည်ပနိုင်ငံများမှ ပြည်တွင်းသို့ တင်ပို့လိုသူ သွင်းကုန်လုပ်ငန်းရှင်များသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အေးခဲအသားတင်သွင်းခြင်းအား ခွင့်ပြုကြောင်းသဘောထားမှတ်ချက်ထုတ်ပြန်ပေးရန်အတွက် လျှောက်ထားရမည်။

၂။ ထိုသို့လျှောက်ထားရာတွင် အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများကိုတင်ပြပေးရမည်ဖြစ်ပါသည်-

(က) ကုမ္ပဏီအမည်ခေါင်းစီး (Letter Head) နှင့်လျှောက်လွှာ(လျှောက်လွှာတွင် အသားအရည် အသွေးဆိုင်ရာဖော်ပြချက်၊ ဈေးနှုန်းဆိုင်ရာနှိုင်းယှဉ် ဖော်ပြချက်၊ သိုလှောင်သိမ်းဆည်းမည့်နေရာနှင့် ဇီဝလုံခြုံမှုအဆင့်အတန်း၊ သိုလှောင်ထိန်းသိမ်းမည့်အချိန်ကာလ၊ ရောင်းချမည့်ဈေးကွက်တို့ကိုဖော်ပြရမည်ဖြစ်ပါသည်။)

(ခ) အေးခဲအသားတင်ပို့မည့်နိုင်ငံ၏ အခွင့်အာဏာရှိတိရစ္ဆာန်ဆေးကုဆရာဝန် (Veterinary Authority) မှထုတ်ပေးသော ကျန်းမာကြောင်းထောက်ခံချက်လက်မှတ် (Veterinary Health Certificate)၊(တင်သွင်းမည့် အသားသည် ကြက်သား၊ ဘဲသား၊ ကြက်ဆင်သားများဖြစ်ပါကတင်ပို့မည့်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းကြောင်းဖော်ပြချက်ပါဝင်ရမည်။)

(ဂ) အေးခဲအသားများထုတ်လုပ်သည့်စက်ရုံ (Production Plant) ၏ ကုန်ပစ္စည်းထုတ်လုပ်မှုကောင်းမွန်ကြောင်းထောက်ခံချက် (HACCP (or) GMP Certificate)

(ဃ) အေးခဲအသားများတင်သွင်းရောက်ရှိလာပါကမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စစ်ဆေးမှုကိုခံယူရန်နှင့် ကျန်းမာကြောင်းထောက်ခံချက်လက်မှတ် (Veterinary Health Certificate) မူရင်းကိုအပ်နှံရန် ကတိဝန်ခံချက်ပါရှိရမည်။

(င) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)

(စ) အရောင်းအဝယ်သဘောတူစာချုပ် (Sale Contract)

(ဆ) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ အသားစစ်ဆေးရေးအဖွဲ့ (Meat Inspection Board) ၏ ထောက်ခံချက်

(ဇ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ
ထုတ်ပေးသောကုမ္ပဏီမှတ်ပုံတင်
လက်မှတ်(မိတ္တူ)

(ဈ) ကုန်သွယ်ရေးဦးစီးဌာနမှ
ထုတ်ပေးသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် (မိတ္တူ)

(ည) ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာစာရင်း (Form VI)

(ဋ) ဒါရိုက်တာအဖွဲ့ဝင်အမည်စာရင်း (Form XXVI)

၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် လျှောက်ထားလာသော လျှောက်လွှာများအား စိစစ်၍ ကုန်သွယ်ရေးဦးစီးဌာနတွင် သွင်းကုန်လိုင်စင်လျှောက်ထားရန်အတွက် သဘောထားမှတ်ချက် ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

၄။ သဘောထားမှတ်ချက်ရရှိပါက သက်ဆိုင်ရာဌာနစုတွင် ကျသင့်ငွေပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အကောက်ခွန်ဦးစီးဌာနသို့ ImportDeclerationတင်သွင်းသည့်အချိန်တွင် MACCS စနစ်မှတဆင့် ဓါတ်ခွဲခန်းစစ်ဆေးချက်ထုတ်ပြန်ပေးရန် လျှောက်ရပါမည်။

၆။အသားများတင်သွင်းရောက်ရှိလာသည့်အခါ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ၏စစ်ဆေးခြင်းကိုခံယူပြီးကျန်းမာကြောင်းထောက်ခံချက်လက်မှတ် (Veterinary Health Certificate) မူရင်းအားပေးအပ်ရန်ဖြစ်ပါသည်။

၇။ MACCS စနစ်မှတဆင့် ဓါတ်ခွဲခန်းစစ်ဆေးချက်ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

**(ဂ) ဘဲမွေး၊ ယုန်မွေး(အထည်ချုပ်လုပ်ငန်းများအတွက်)တင်သွင်းခြင်း**

- ကုန်သွယ်ရေးဦးစီးဌာနမှ သွင်းကုန်လိုင်စင်ရရှိပြီးဖြစ်ပါသည်။
- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ကျန်းမာကြောင်းထောက်ခံချက်လက်မှတ် လျှောက်ရမည်။

- ထိုသို့ လျှောက်ထားရာတွင် အောက်ဖော်ပြပါစာရွက်စာတမ်း အထောက်အထားများကို တင်ပြပေးရမည်ဖြစ်ပါသည်။

  ၁။ လျှောက်လွှာဖြည့်ရမည်။

  ၂။ ကုမ္ပဏီအမည်ခေါင်းစီး (Letter Head) နှင့်ရောဂါကင်းရှင်းကြောင်းထောက်ခံချက်ပေးပါရန်လျှောက်ထားခြင်း

  ၃။ <u>ပင်ရင်းနိုင်ငံ၏ ထောက်ခံချက်လက်မှတ်နှင့် အခွင့်အာဏာရှိတိရစ္ဆာန်ဆေးကုဆရာဝန်မှ ထုတ်ပေးသောကျန်းမာရေးထောက်ခံချက်လက်မှတ်မူရင်း</u>

  ၄။ ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)

  ၅။ ကုန်ပစ္စည်းစာရင်း (Packing List)

  ၆။ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသောသွင်းကုန်လိုင်စင် (Import License)

  ၇။ အရောင်းအဝယ်စာချုပ် (Import Agreement)

  ၈။ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ထောက်ခံချက်

  ၉။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသောကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)

  ၁၀။ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (မိတ္တူ)

  ၁၁။ ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာစာရင်း (Form VI)

  ၁၂။ ဒါရိုက်တာအဖွဲ့ဝင်အမည်စာရင်း (Form XXVI)

- ဓါတ်ခွဲခန်းစစ်ဆေးရန်အတွက် နမူနာပစ္စည်းများပေးပို့ရမည်။
- စစ်ဆေးခကောက်ခံပါမည်။
- MACCS စနစ်မှတဆင့်ဓါတ်ခွဲခန်းစစ်ဆေးချက်ထုတ်ပြန်ပေးရန် လျှောက်ရပါမည်။
- နမူနာပစ္စည်းများကိုဓါတ်ခွဲခန်းစစ်ဆေးပါမည်။
- MACCS စနစ်မှတဆင့်ကျန်းမာကြောင်းထောက်ခံချက်လက်မှတ်ထုတ်ပေးပါမည်။
-

**(ဃ)တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစာများ၊ မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများတင်သွင်းခြင်းလုပ်ငန်းစဉ်**

၁။ တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစာများ၊ မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ တင်သွင်းလိုသူသွင်းကုန်လုပ်ငန်းရှင်သည် ပထမဦးစွာတင်သွင်းလိုသည့် တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစာများ၏နမူနာပစ္စည်းများကိုတိရစ္ဆာန်အစာနှင့်ဆေးဝါးဓာတ်ခွဲခန်း (Veterinary Assay Laboratory) တွင် နမူနာပေးပို့စစ်ဆေးရမည်ဖြစ်ပါသည်။

၂။ ဓာတ်ခွဲခန်းစစ်ဆေးချက်အဖြေရရှိပါကတိရစ္ဆာန်ဆိုင်ရာပို့ကုန်၊ သွင်းကုန်ဌာနတွင် အောက်ဖော်ပြပါ စာရွက်စာတမ်းအထောက်အထားများကိုပူးတွဲ၍လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လိုအပ်သောစာရွက်စာတမ်းများမှာအောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဌာနလျှောက်လွှာဖြည့်ရမည်။

(ခ) ကုမ္ပဏီအမည်ခေါင်းစီး (Letter Head) နှင့်သဘောထားမှတ်ချက်တောင်းခံကြောင်းလျှောက်လွှာ

(ဂ) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)

(ဃ) အရောင်းအဝယ်သဘောတူစာချုပ် (Sale Contract)

(င) တင်သွင်းမည့်နိုင်ငံမှ ဓာတ်ခွဲစမ်းသပ်မှုထောက်ခံချက်/ တင်သွင်းမည့်နိုင်ငံ၏ထောက်ခံချက် (Certificate of Analysis / Country of Origin Certificate)

(စ) ကုန်ပစ္စည်းထုတ်လုပ်မှုကောင်းမွန်ကြောင်းထောက်ခံချက် (GMP/HACCP Certificate)

(ဆ) လွတ်လပ်စွာရောင်းဝယ်ခွင့် (Free Sale (or) Product Licence)

(ဇ) တင်သွင်းမည့်တိရစ္ဆာန်အစာသည် အသားမှုန့်နှင့်အရိုးမှုန့် (Meat & Bone Meal) နှင့် သွေးခဲမှုန့် (Blood Meal/ Plasma meal) ဖြစ်ပါကထုတ်လုပ်သည့်နိုင်ငံ၏အခွင့်အာဏာရှိတိရစ္ဆာန် ဆေးကုဆရာဝန် (Veterinary Authority) မှ ထုတ်ပေးသောကျန်းမာကြောင်းလက်မှတ် ပါရှိရမည်ဖြစ်ပါသည်။

(ဈ) ဓာတ်ခွဲခန်း၏စစ်ဆေးချက်အဖြေ

(ည) မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများအတွက် ကုန်ပစ္စည်း၏စုစုပေါင်းတန်ဘိုး၏ ၁.၁ ရာခိုင်နှုန်းကို တိရစ္ဆာန်အစာနှင့်ဆေးဝါးဓာတ်ခွဲခန်းတွင် ပေးသွင်းပြီးကြောင်း ပြေစာမိတ္တူ

(ဋ) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ထောက်ခံချက်

(ဌ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသောကုမ္ပဏီမှတ်ပုံတင် လက်မှတ်(မိတ္တူ)

(ဍ) ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပေးသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (မိတ္တူ)

(ဎ) ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာစာရင်း (Form VI)

(ဏ) ဒါရိုက်တာအဖွဲ့ဝင်အမည်စာရင်း (Form XXVI)

၄။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် လျှောက်ထားလာသော လျှောက်လွှာများအားစိစစ်၍ ကုန်သွယ်ရေးဦးစီးဌာနတွင် သွင်းကုန်လိုင်စင်လျှောက်ထားရန်အတွက် သဘောထားမှတ်ချက် ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

၅။ တိရစ္ဆာန်သုံးဆေးဝါးများ၊ တိရစ္ဆာန်အစာများ တင်သွင်းရောက်ရှိလာပါကမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏စစ်ဆေးမှုကိုခံယူရမည်ဖြစ်ပါသည်။

**(င) ပစ္စည်းများတင်သွင်းလာသည့်အချိန်တွင် စစ်ဆေးရန်လိုအပ်သောစာရွက်စာတမ်းများ**

- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသောသဘောထားမှတ်ချက်
- ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပေးသောသွင်းကုန်လိုင်စင်
- **တင်ပို့သည့်နိုင်ငံ၏အခွင့်အာဏာရှိတိရစ္ဆာန်ဆေးကုဆရာဝန်မှထုတ်ပေးသောကျန်းမာကြေ ာင်းထောက်ခံချက်လက်မှတ်**
- ကုန်ပစ္စည်းထုတ်ပိုးမှုစာရင်း
- သင်္ဘော(သို့မဟုတ်)လေယာဉ်တင်မှတ်တမ်းမိတ္တူ
- နယ်စပ်မှဝင်ပါကသက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ စစ်ဆေးပြီးထုတ်ပေးသောပြည်နယ်/တိုင်းဖြတ်ကျော်သယ်ဆောင်ခွင့် (PC 3)

## (၂) ပို့ကုန်လုပ်ငန်းစဉ်

**(က)တိရစ္ဆာန်၊တိရစ္ဆာန်ထွက်ပစ္စည်းနှင့်တိရစ္ဆာန်အစာတင်ပို့ခြင်း**

- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့သဘောထားမှတ်ချက်နှင့်ကျန်းမာကြောင်းထောက်ခံချက်လျှောက်ရမည်။
- လျှောက်ထားရာတွင် အောက်ဖော်ပြပါစာရွက်စာတမ်းအထောက်အထားများကိုတင်ပြပေးရမည်ဖြစ် ပါသည်-

  ၁။ လျှောက်လွှာဖြည့်ရမည်။

  ၂။ ကုမ္ပဏီအမည်ခေါင်းစီး (Letter Head) နှင့်ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်ပေးပါရန်လျှောက်ထားခြင်း

  ၃။ ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)

  ၄။ အရောင်းအဝယ်သဘောတူစာချုပ် (Sale Contract)

  ၅။ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ထောက်ခံချက်

  ၆။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ်(မိတ္တူ)

  ၇။ ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပေးသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်(မိတ္တူ)

  ၈။ ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာစာရင်း (Form VI)

  ၉။ ဒါရိုက်တာအဖွဲ့ဝင်အမည်စာရင်း (Form XXVI)

- နမူနာပစ္စည်းစစ်ဆေးပါမည်။
- စစ်ဆေးခပေးသွင်းရမည်။
- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် လျှောက်ထားလာသော လျှောက်လွှာများအားစိစစ်၍ သွင်းကုန်လိုင်စင် လျှောက်ရန်အတွက် သဘောထားမှတ်ချက်နှင့် ကျန်းမာကြောင်းထောက်ခံချက် ထုတ်ပေးပါမည်။

## ပြည်ပသို့ သိုး/ဆိတ်နှင့်နွားတင်ပို့ရန်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ လျှောက်ထားရာတွင် လိုအပ်သောအချက်အလက်များ

(၁) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ Export လျှောက်လွှာပုံစံတွင် ဖြည့်သွင်းရမည်။

(၂) ကုမ္ပဏီအမည်ခေါင်းစီး (Letter Head) နှင့် သဘောထားမှတ်ချက် တောင်းခံကြောင်း လျှောက်လွှာ

-သိုး/ဆိတ်နှင့်နွားများကိုမည်သည့်ဒေသတွင်မွေးမြူထားပြီး၊ မည်သည့်နိုင်ငံသို့ တင်ပို့လိုကြောင်း ဖော်ပြရမည်။

- သိုး/ဆိတ်နှင့်နွားများကိုမတင်ပို့မီမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတ်မှတ်ထားသောတိရစ္ဆာန်စောင့်ကြည့်စစ်ဆေးရေးခန်းများတွင် (၂၁)ရက်ထားရှိ၍ ကျန်းမာရေးစစ်ဆေးမှုကိုခံယူပါမည့်အကြောင်းရေးသားဖော်ပြရမည်။

(၃) မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ထောက်ခံစာမူရင်းပါရှိရမည်။

(၄) သိုး/ဆိတ်နှင့်နွားမွေးမြူရေးခြံတည်ရှိရာဒေသရှိမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ ပြည်နယ်/ တိုင်းဦးစီးမှူးတို့၏ ထောက်ခံစာပါရှိရမည်။

(၅) မွေးမြူရေးခြံမှတ်ပုံတင် (PC 13) ပါ ရှိရမည်။

(၆) ကုန်ပစ္စည်းအမှာလွှာ (Proforma Invoice)

(၇) အရောင်းအဝယ်သဘောတူစာချုပ် (Sale Contract)


(၈) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးသောကုမ္ပဏီမှတ်ပုံတင် လက်မှတ်(မိတ္တူ)

(၉) ကုန်သွယ်ရေးဦးစီးဌာနမှထုတ်ပေးသောပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ် (မိတ္တူ)

(၁၀) ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာစာရင်း (Form VI)

(၁၁) ဒါရိုက်တာအဖွဲ့ဝင်အမည်စာရင်း (Form XXVI)

Procedures for Exportation of Animals, Animal Products and Animal Feed



Procedures for Importation of Animals, Animal Products, Animal Feed, Veterinary Pharmaceuticals

